# ၁၉း ကျွန်ုပ်တို့၏မိတ်ဆွေခရစ်တော်

ယော ၁၅း၁-၁၇

ငါသည် မှန်သောစပျစ်နွယ်ပင် ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏။

**ငါ၌အသီးမသီးသော အခက်ရှိသမျှတို့ကို ခုတ်ပစ်တော် မူ၏။ အသီးသီးသော အခက် ရှိသမျှတို့ကို သာ၍ သီးစေခြင်းငှာ သုတ်သင် ရှင်းလင်းတော်မူ၏။**

သင်တို့သည် ငါဟောပြောသော စကားအားဖြင့် ယခုပင် ရှင်းလင်းလျက် ရှိကြ၏။

**ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်။ စပျစ်ခက်သည် အပင်၌ မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင် သကဲ့သို့၊ သင်တို့သည် ငါ၌ မတည်လျှင် အသီး မသီးနိုင်ကြ။**

ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှု ကိုမျှ မတတ်နိုင်ကြ။

**ငါ၌ မတည်သော သူသည် သွေ့ခြောက်သော အခက်ကဲ့သို့ ပြင်သို့ ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့သော အခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့ ချလိုက် ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။**

သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။

**သင်တို့သည် များစွာသော အသီးကို သီးသော အားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့ သည်လည်း ငါ၏ တပည့် မှန်ကြလိမ့်မည်။**

ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်း မေတ္တာ၌ တည်နေကြလော့။

**ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို  စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေ ကြလိမ့်မည်။**

သင်တို့၌ ငါ၀မ်းမြောက်စရာ အကြောင်း တည်စေခြင်းငှာ လည်းကောင်း သင်တို့ ၀မ်းမြောက်စရာ အကြောင်း စုံလင်စေခြင်းငှာ လည်းကောင်း၊ ဤစကားကို သင်တို့အား ပေါပြော၏။

**ငါ့ပညတ် ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည် နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့။**

ကိုယ်အဆွေတို့ အဖို့ အလိုငှာ ကိုယ်အသက်ကို စွန့်ခြင်း မေတ္တာထက် သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။

**သင်တို့သည် ငါပညတ် သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေ ဖြစ်ကြ၏။**

ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား၊ ကိုယ်သခင် ပြုသောအမှုကို မသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသော အရာတို့ကို သင်တို့အား ငါပြသ၏။

**သင်တို့သည် ငါ့ကိုရွေးကောက် ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်၊ သင်တို့သည် သွား၍ တည်ကြည်သော အသီးကို သီးမည်အကြောင်းနှင့် ငါ့နာမကို အမှီပြု၍ခမည်းတော်မှာ တောင်းသမျှတို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။**

သင်တို့သည် အချင်းချင်း ချစ်စေခြင်းငှာ ဤပညတ်တို့ကို ငါပေး၏။

ေ